# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

November 2 , 2022 Volume 60, Number 2

၂.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၅၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၇၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၄.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၅၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၈၇၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့တွင်ကျင်းပမည့် Seoul food Week 2022 နှင့် စားသောက်ကုန် ကဏ္ဍလေ့လာရေးခရီးစဉ်သို့ ပါဝင်တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Seoul Food Week 2022 နှင့် စားသောက်ကုန် ကဏ္ဍ လေ့လာရေးခရီးစဉ်သို့ ပါဝင်တက်ရောက်ရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဒ်မူတာကပေါ ဦးဆောင်၍ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ ပါဝင်သော အဖွဲ့ဝင် (၁၂) ဦးပါ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယား သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**နည်းပညာရရှိရေးဆောင်ရွက်မည်**

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ Jeonju မြို့သို့သွားရောက်၍ ကိုရီးယားစားသောက်ကုန်သုတေသနဌာန Korea Food Research Institute (KFRI) တွင် စားသောက်ကုန်ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ ဆွေးနွေးဖလှယ်ကြမည်ဖြစ်ပြီး စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများသို့လည်း လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်သည်။

**ဈေးကွက်ရရှိရေးဆောင်ရွက်မည်**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Convention & Exhibition Center တွင် ကျင်းပပြုလုပ်မည့် Seoul Food week 2022 တွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်း၌ ကိုရီးယားဈေးကွက်တွင် အလားအလာရှိသော မြန်မာ့စားသောက်ကုန်များကို ဈေးကွက်သစ်များ တိုးချဲ့နိုင်ရန်အတွက် ပါဝင်ပြသ သွားမည်ဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ် သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Source: Myantrade

## သွင်းကုန်ကျန်းမာရေးထောက်ခံချက် (IHC) လျှောက်ထားခြင်းအား နိုဝင်ဘာ ၉ ရက်မှစတင်၍ Fully Online ဖြင့်သာ လက်ခံသွားမည်

ကျန်းမာရေးဝန်ကြီးဌာန၏ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA Myanmar)မှ ကြေညာချက် အမှတ်(၁၈/၂၀၂၂)ဖြင့် အသိပေးထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

သွင်းကုန်ကျန်းမာရေးထောက်ခံချက်(IHC) လျှောက်ထားခြင်းအား E-Submission စနစ်ဖြင့် နိုဝင်ဘာ ၂ ရက်မှ စတင်ကာ Pilot Project အဖြစ် လက်ခံဆောင်ရွက်ပေးသွားမည်ဟု FDA Myanmar ကအသိပေး ထုတ်ပြန်ခဲ့သည်။

ထို့ပြင် နိုဝင်ဘာ ၉ ရက်မှစတင်ကာ E-Submission(Fully Online)စနစ်ဖြင့်သာ လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ယခင်စနစ်အတိုင်း သွင်းကုန်ကျန်းမာရေးထောက်ခံချက်(IHC) များ လက်ခံဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၈ ရက် အထိသာ ပြုလုပ်ပေးသွားမည်ဟု FDA Myanmar ကအသိပေး ထုတ်ပြန်ခဲ့သည်။

FDA Myanmar သည် သွင်းကုန်ကျန်းမာရေးထောက်ခံချက်(IHC)အား E-Submission မှတဆင့် လျှောက်ထားလာသည့် Sample များကို အပ်နှံပြီးပါက System မှ ၂၄ နာရီအတွင်း ငွေသွင်းရန် အသိပေးချက်ပေးပို့သွားမည်ဖြစ်ကာ သတ်မှတ်ချိန်အတွင်း ငွေပေးသွင်းခြင်းမပြုလုပ်ပါက Case File အား System Auto Cancelled ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခဲ့သည်။

Auto Cancelled ဖြစ်သည့် Case နှင့် သက်ဆိုင်သောအပ်နှံပြီး Sample များကို ဆက်လက်စစ်ဆေးခြင်း၊ ပြန်လည်ထုတ်ယူခြင်းတို့ကို ခွင့်ပြုမည်မဟုတ်ဘဲ Case အသစ် Sample အသစ်များကို ပြန်လည်လျှောက်ထားရမည်ဟုလည်း အသိပေးထုတ်ပြန်ထားသည်။

**Source:** https://www.popularmyanmar.com/?p=90433

## တရုတ်က အဝယ်ရပ်လိုက်လို့ ဧရာဝတီတိုင်းမှာ ငါးရှဉ့်ထက်ဝက်ကျဆင်းလာလို့ လုပ်ကိုင်သူတွေ အရှုံးပေါ်နေ

ဧရာဝတီတိုင်းမှာ ငါးရှဉ့်ဈေးနှုန်းတွေ အဆမတန်ကျဆင်းလို့ ငါးရှဉ့်လုပ်ငန်းလုပ်ကိုင်သူတွေ အရှုံးပေါ်နေတယ်လို့ ဧရာဝတီတိုင်းက ငါးရှဉ့်လုပ်ငန်း လုပ်ကိုင်နေသူတွေဆီကနေ သိရပါတယ်။

အရင်က ငါးရှဉ့်တစ်ပိဿာလျှင် ၉၅၀၀ အထိရရှိခဲ့သော်လည်း တရုတ်နိုင်ငံဘက်ကနေ အောက်တိုဘာလ ဒုတိယအပတ်မှ စတင်ပြီး အဝယ်ရပ်နားပြီးနောက် ဧရာဝတီတိုင်းမှာ ငါးရှဉ့်ဈေးနှုန်း တစ်ပိဿာလျှင် ၄၅၀၀ ကျပ်အထိ ကျဆင်းလာတယ်လို့ သိရပါတယ်။

ဧရာဝတီတိုင်းကနေ မွေးမြူလို့ရရှိတဲ့ ငါးရှဉ့်နဲ့ သဘာဝအတိုင်းဖမ်းဆီးလို့ရရှိတဲ့ ငါးရှဉ့်တွေ ထွက်ရှိတာဖြစ်ပြီး ထွက်ရှိလာတဲ့ငါးရှဉ့်တွေကို ပြည်တွင်းဈေးကွက် ရန်ကုန်ကနေတစ်ဆင့် ဂျပန်၊ အမေရိကန်၊ စင်္ကာပူ၊ တရုတ်နှင့် ဥရောပနိုင်ငံတွေကို တင်ပို့ရောင်းချခဲ့တာဖြစ်ပြီး လက်ရှိတရုတ်နိုင်ငံအပြင် အဲ့ဒီနိုင်ငံတွေကိုလည်း မတင်ပို့နိုင်သေးတာကြောင့် ဈေးကျနေတာဖြစ်တယ်လို့ သိရပါတယ်။

"ငါးရှဉ့်ကို ဈေးကောင်းမယ်ထင်လို့ မျှော်လင့်ပြီးမွေးခဲ့တာ ဘာမှလုပ်မရဖြစ်နေတယ်၊ စတင်မွေးကတည်းက အထွေထွေကုန်ကျစရိတ်တွေရှိတယ်၊ ကန်ဖော်တော့လည်း လုပ်အားခရှိတယ်၊ စက်ခရှိတယ်၊ ငါးရှဉ့်ကတော့ မှန်းထားတဲ့ အလေးချိန်ထက်ရတယ်၊ ဈေးမကောင်းတော့ လုပ်အားခတွေစရိတ်တွေ ပေါင်းလိုက်ရင်ရှုံးတယ် ၊ ကိုယ့်ဘက်ထွက်ကုန်ကကျတော့ ဈေးကျတယ်၊ ဟိုဘက်ကနေ ဝယ်ကုန်ကျတော့ ထိုးတက်နေတာ၊ အရင်ကပြည်ပဈေးကွက် တော်တော်များများကို တင်ပို့နိုင်ခဲ့တာ၊ အဲ့ဒီအချိန်တုန်းကဆို တစ်သောင်းရဲ့ အထက်မှာပဲရှိတယ်၊ ငါးရှဉ့်ဈေးကလည်း ကိုဗစ်နဲ့နိုင်ငံရေးကြောင့် တရုတ်ဈေးကွက်တစ်ခုပဲ တင်ပို့နေရာကနေ အခု တရုတ်ဘက်ကလည်းရပ်သွားတော့ ငုတ်တုတ်မေ့တာပေါ့" လို့ မအူပင်မြို့နယ်က ငါးရှဉ့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

မွေးမြူရေးငါးရှဉ့်ဟာ တနှစ်ပတ်လုံးထွက်ရှိတာဖြစ်ပြီး သဘာဝအတိုင်းဖမ်းဆီးရရှိတဲ့ ငါးရှဉ့်ကတော့ မိုးရာသီမှာ ဇွန်လကနေ နိုဝင်ဘာလအထိလည်းကောင်း၊ ဆောင်းရာသီမှာ ဇန်နဝါရီလကနေ ဖေဖော်ဝါရီလအထိလည်းကောင်း ငါးရှဉ့်တွေကို အများဆုံးဖမ်းဆီးရရှိတယ်လို့ သိရပါတယ်။

ဒါ့အပြင် သဘာဝအတိုင်းဖမ်းလို့ရတဲ့ ငါးရှဉ့်တွေဟာ စပါးပင်နဲ့စိုက်ခင်းတွေ မြစ်ရိုး၊ ချောင်းရိုးနဲ့ရွှံ့နွံမြေကြီးအောက်တွေမှာ နေတတ်တဲ့ သတ္တဝါတွေဖြစ်ပြီး၊ လက်ရှိအခါမှာ ငါးရှဉ့်တွေကို အဓိကဖမ်းဆီးရရှိတတ်တဲ့ စိုက်ပျိုးမြေတွေမှာ ဓါတ်မြေသြဇာနဲ့ပိုးသတ်ဆေးတွေ အလွန်အကျွံသုံးစွဲလာကြတာကြောင့် ငါးရှဉ့်မျိုးရှားလာပြီး သဘာဝအတိုင်း ဖမ်းဆီးရာဖွေတဲ့ လုပ်ငန်းလုပ်ကိုင်သူတွေအဖို့ အခက်တွေ့နေတယ်လို့ သိရပါတယ်။

“ငါးရှဥ့်ကို ချောင်း၊ မြောင်းတွေထဲမှာ ငါးရှဥ့်ထောင်တဲ့ မြုံးတွေနဲ့ထောင်ပြီး ဖမ်းရတာဖြစ်တယ်၊ တစ်နှစ်ထက်တစ်နှစ် ငါးရှဥ့်ဖမ်းဆီးရမှုက အရမ်းနည်းပါးလာတယ်၊ တစ်ရက်ရှာမှ ငွေသုံးထောင်ဝန်းကျင်လောက်ပဲ ရတော့တယ်၊ အခုဆို ငါးရှဥ့်က လိုသလောက်ရတဲ့အပြင် အဓိကဈေးကွက် တရုတ်ကအဝယ်ရပ်ထားတော့ တော်တော်အခက်အခဲဖြစ်လာတယ်၊ အရင်နှစ်တွေကဆို ဈေးလည်းကောင်းသလို ဖမ်းလို့လည်းရတယ်” လို့ ကျိုက်လတ်မြို့နယ်က ငါးရှဥ့်ဖမ်းဆီးရှာဖွေသူတစ်ဦးက ပြောပါတယ်။

ပုံမှန်အချိန်တွေမှာ ငါးရှဥ့်မွေးမည်ဆိုရင် တစ်ဧကအကျယ်ရှိတဲ့ ကုန်ကျစရိတ် ငွေကျပ် ၅ သိန်းခန့် အရင်းတည်ရပြီး သုံးလအကြာ ကန်ဖော်ပါက ငွေကျပ် ၁၅ သိန်းနီးပါးရရှိနိုင်ပြီး ငါးရှဥ့်မွေးမြူတဲ့လုပ်ငန်းကို ကျိုက်လတ်မြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်တွေက အများဆုံးမွေးမြူတယ်လို့ သိရပါတယ်။

Source: https://www.myanmaplatform.com/a/64770.html

## တရုတ်နိုင်ငံ ဝယ်လိုအားကြောင့် ပျားဖယောင်းတစ်ပိဿာ ကျပ် ၁၀၀၀၀ ထိ ဈေးကောင်းရနေ


https://www.myanmaplatform.com/a/64771.html

တရုတ်နိုင်ငံရဲ့ ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်အတွင်း ပျားဖယောင်း တစ်ပိဿာကို ကျပ် ၇၀၀၀ မှ ၁၀၀၀၀ ထိ ဈေးကောင်းရရှိနေတယ်လို့ မန္တလေးပွဲရုံ ပိုင်ရှင်တွေဆီက သိရပါတယ်။

အခုနှစ် ပျားရည်ထုတ်လုပ်တဲ့ရာသီမှာ ပျားရည်ထုတ်လုပ်ရုံတင်မကဘဲ ကျန်ရှိတဲ့ပျားသလက်မှ ပျားဖယောင်းကို ထုတ်လုပ်ရောင်းချရာ တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပျားအုံမှ ပျားရည်ထုတ်လုပ်ပြီး စွန့်ပစ်ပစ္စည်းအနေနဲ့ထားရှိတဲ့ ပျားသလက်မှ ပျားဖယောင်းထုတ်လုပ်တာကို အခုနှစ်မှ စတင်ပြီး မန္တလေးဈေးကွက်အတွင်း ပေါ်ပေါက်လာခဲ့ကာ အခုနှစ် ပျားရည်ထုတ်တဲ့ရာသီမှာ ပျားလုပ်သားတွေ အပိုဝင်ငွေရရှိတယ်လို့ သိရပါတယ်။

အရင်နှစ်တွေ ပျားဖယောင်းဝယ်ယူမှု သိပ်မရှိခဲ့ဘဲ အခုနှစ်မှ ရသလောက်ဝယ်ယူမှုများလာလို့ ပြည်ပပို့ကုန် အမယ်အသစ် အနေနဲ့ တင်ပို့နိုင်တဲ့အနေအထားဖြစ်ပြီး တရုတ်နိုင်ငံရဲ့ ဘယ်နေရာတွေမှာ အသုံးပြုတယ်ဆိုတာကို မသိရသေးဘူးလို့ ပွဲရုံပိုင်ရှင်တစ်ဦးကပြောပါတယ်။

သဘာဝပျားအုံကထွက်ရှိတဲ့ ပျားဖယောင်းက တစ်ပိဿာ ကျပ် ၁၀၀၀၀ ထိ ဈေးကောင်းရပြီး မွေးမြူရေးပျားအုံက ထုတ်လုပ်တဲ့ ပျားဖယောင်းကတော့ တစ်ပိဿာ ကျပ် ၇၀၀၀ ဈေးရတယ်လို့ သိရပါတယ်။

**Source: https://www.myanmaplatform.com/a/64771.html**

## ပူတာအိုတွင် ကျောက်ကြမ်းပိုး(ဂျပိုး)များ ယခင်နှစ်ထက် ဈေးကောင်းရကာ ရှာဖွေသူများပြား


https://news-eleven.com/article/239758

ကချင်ပြည်နယ် ပူတာအိုဒေသထွက် ကျောက်ကြမ်းပိုး(ဂျပိုး)များ ဈေးကောင်းရကာ ရှာဖွေသူများနေကြောင်း သတင်းရရှိသည်။

လွန်ခဲ့သည့်နှစ်က နို့ဆီတစ်ဗူးလျှင် ကျပ်ငါးထောင်မှ ကျပ်ခုနှစ်ထောင်အထိ ဈေးရှိခဲ့ရာမှ ယခုနှစ်တွင် နို့ဆီတစ်ဗူး ကျပ်တစ်သောင်းမှ တစ်သောင်းငါးထောင်အထိ ပေါက်ဈေးရှိနေကြောင်းကျောက်ကြမ်းပိုး(ဂျပိုး)ရှာသူများက ဆိုပါသည်။

မူလာရှီးဒီးကျေးရွာမှ ကျောက်ကြမ်းပိုး(ဂျပိုး)ရှာဖွေနေသူ ဦးဇန်ရမ်ဆိုင်းက “သုံးပါတ်လောက်ရှာရင် တစ်ပိဿာရတယ်။ တစ်သိန်းခြောက်သောင်း ဝန်းကျင်ပေးတယ်။ အခုက ဈေးကောင်းရတော့ အိမ်တိုင်းရှာကြတယ်။ အချို့ချောင်းဖျားတက်ပြီး ကြမ်းပိုး(ဂျပိုး)အထွက် မစောင့်တော့ဘူး။ ကျောက်ခဲပြင်ကို ရေစုပ်စက်နှင့် ရေပက်ပြီး ရှာနေကြရတယ်။ သူကပိုရတာမြန်တယ်။ ကျောက်ကြမ်းပိုး(ဂျပိုး)က တစ်နှစ်ပြီးတစ်နှစ် ရတာနည်းလာပြီ။ အများကြီးဖမ်း လိုက်ကြပြီ”ဟုဆိုသည်။

ကျောက်ကြမ်းပိုး(ဂျပိုး)မှာ အကောင်အကြီးနှင့်အသေးမျိုးရှိရာတွင် အသေးမျိုးမှာ ဈေးပိုရကြောင်း၊ တစ်ပိဿာလျှင် ကျပ်ငွေ တစ်သိန်း သုံးသောင်းဝန်းကျင်တွင် ဈေးပေါက်နေပြီး ဒေသခံများအတွက် ဝင်ငွေတစ်ခုဖြစ်နေကြောင်း ဒေသခံများက ဆိုပါသည်။

ပူတာအိုမြို့ခံ စားသောက်ဆိုင်ပိုင်ရှင်ဖြစ်သူ ဦးခွန်းကျော် ၂၀၁၉ ခုနှစ်တွင် တရုတ်နိုင်ငံမှ စတင်ဝယ်ယူပြီးနောက် ဈေးကောင်းရလာခြင်းဖြစ်ကြောင်း၊ ယခင်ကာလများတွင် နို့ဆီတစ်ဗူး ကျပ်ငွေ ငါးရာခန့်သာရှိကြောင်းဆိုသည်။ ၎င်းက "ဒေသခံတွေက အရှင်ကို ငရုပ်သီးထောင်းစားကြတယ်။ စူးရှရှနှင့် ထမင်းစားမြိန်တယ်ပေါ့။ အခုတော့ ဒေသခံတွေ မစားနိုင်တော့ဘူး။ တရုတ်ဘက်ကို သယ်နေကြပြီ"ဟု ဆိုသည်။

ကျောက်ကြမ်းပိုး(ဂျပိုး)ကို အောက်တိုဘာလဆန်းမှ နိုဝင်ဘာလအထိ အများဆုံးတွေ့ရလေ့ရှိပြီး ဇန်နဝါရီလနောက်ပိုင်းတွင် ပျောက်ကွယ်သွားကြောင်းသိရသည်။ ပူတာအို တိုင်းခရိုင်မှတ်တမ်းများအရ ကျောက်ကြမ်းပိုး(ဂျပိုး)ငါးမျိုးရှိပြီး ဝါးမြစ်နှင့် လည်းကောင်း၊ ဟင်းချိုဟင်းများတွင်လည်း ခတ်စားကြသည်။ ကပ်ပါး၊ သံကောင်စသည့် ဝမ်းတွင်းအညစ်အကြေးများကို စင်ကြယ်စေသည်ဟု ယုံကြည်ကြသည်။ ယနေ့အခြေအနေတွင် ကျောက်ကြမ်းပိုး(ဂျပိုး) ငါးမျိုးအနက် နှစ်မျိုးသာ အများစု တွေ့ရကြောင်း၊ အေးလွန်းသည့် ဆောင်းရာသီတွင် ဆောင်းခိုရန်အတွက် မြေနိမ့်လွင်ပြင်သို့ဆင်းလာပြီး ကျောက်တုံး၊ သစ်တုံး၊ ဝါးသစ်ခေါင်း၊ သစ်ရွက်များအောက်ဖက်နှင့် ကျောက်တောင်လိုဏ်ဂူများတွင် ခိုအောင်းကြကြောင်း တိုင်းခရိုင်မှတ်တမ်းများ ပြုစုနေသူ မန်ပန်ဆရာတော်က ဆိုသည်။

ယခင်ကာလများက ကျောက်ကြမ်းပိုး(ဂျပိုး)ကို မြစ်ဆုံဒေသဝန်းကျင်တွင် ပေါများစွာတွေ့ခဲ့ရသော်လည်း ရွှေကျင်သည့် လုပ်ငန်းများ များစွာလုပ်ကိုင်ခဲ့ခြင်း၊ မြစ်ချောင်းအနီးတဝိုက် ကျောက်ခုံများကို ရွှေကျင်ခြင်း၊ တောပြုန်းခြင်းများကြောင့် ကျောက်ကြမ်းပိုး(ဂျပိုး)ကောင်များ အတွေ့ရနည်းလာရကြောင်းသိရသည်။ ကျောက်ကြမ်းပိုး(ဂျပိုး) ကို ဟူကောင်းတောင် ကြားရှိ တောင်ကျချောင်းများတွင် လည်းကောင်း၊ ချင်းတွင်းမြစ်ဖျားဒေသအချို့တွင်လည်းကောင်း တွေ့ရကြောင်း မှတ်တမ်း များကဆိုပါသည်။

**Source:** https://news-eleven.com/article/239758

## ရေးဒေသထွက် ကွမ်းသီးအစိုတစ်လုံးလျှင် ၃၅ ကျပ်ဝန်းကျင်သာ ဈေးရသဖြင့် ကွမ်းသီးစိုက်တောင်သူများ တွက်ခြေမကိုက်ဖြစ်နေ



https://news-eleven.com/article/239724

မွန်ပြည်နယ် ရေးဒေသထွက် ကွမ်းသီးအစိုတစ်လုံးလျှင် (၃၅) ကျပ်ဝန်းကျင်သာ ဈေးရသဖြင့် ကွမ်းသီးတောင်သူများ တွက်ခြေမကိုက်ဖြစ်နေကြောင်း သိရသည်။

"ကွမ်းသီးအစိုက တချို့ကုန်သည်တွေဆို တစ်လုံးကို (၃၀) ကျပ်နဲ့ ဝယ်တာရှိသလို၊ တချို့ကလည်း (၃၅) ကျပ်နဲ့ ဝယ်တာတွေလည်းရှိပါတယ်။ အရင်က အိန္ဒိယဘက်ကို ပို့လို့ရတော့ တစ်လုံးကို (၄၀) ကျပ်ကျော်ကျော် ပေါက်ဈေးရှိခဲ့ပေမယ့် အခု အိန္ဒိယဘက်ကို ပို့လို့မရတော့ ဈေးတွေပြုတ်ကျကုန်တာလို့ သိရတယ်" ဟု ရေးမြို့နယ်မှ ကွမ်းသီး တောင်သူတစ်ဦးက ပြောကြားသည်။

ယမန်နှစ် အခုလိုအချိန်က ကွမ်းသီးအစိုတစ်လုံးလျှင် (၂၅) ကျပ်လောက်သာ ဈေးရခဲ့သော်လည်း ကုန်ဈေးနှုန်းက လက်ရှိအခြေအနေလောက် မတက်သေးသည့်အတွက် အရောင်းအဝယ် အဆင်ပြေကြသေးကြောင်း၊ လက်ရှိ ကွမ်းသီးအစို တစ်လုံးလျှင် (၃၀) ကျပ်နှုန်းရရှိနေသော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် များလာသည့်အတွက်ကြောင့် တွက်ခြေကိုက်မှု မရှိကြောင်း ၎င်းကွမ်းသီးတောင်သူကဆိုသည်။ "အခု ကွမ်းသီးခူးခက တစ်လုံးကို (၂) ကျပ်၊ ကွမ်းသီးကောက်ခကလည်း တစ်လုံးကို (၂) ကျပ်၊ အဲ့ဒီအပြင်ကို ကွမ်းသီးခွံနွှာခနဲ့ ဘာနဲ့ဆိုရင် တောင်သူတွေအနေနဲ့က ကွမ်းသီးတစ်လုံးကို (၂၀) ကျပ် လောက်ပဲကျန်တယ်။ ဒီနှစ်က ကွမ်းသီးတောင်သူတွေအနေနဲ့က ဘာမှမကျန်ဘူးဖြစ်နေတယ်" ဟု ၎င်းကွမ်းသီးတောင်သူက ဆက်လက်ပြောကြားသည်။

ယခုနှစ် ကွမ်းသီးရာသီအစတွင် ကွမ်းသီးအနုမှာ တစ်လုံးလျှင် (၅၀) ကျပ်အထိ ဈေးကောင်းရခဲ့သော်လည်း လက်ရှိ

ကွမ်းသီးများ ရင့်မှည့်သည့်အချိန်တွင် ကွမ်းသီးတစ်လုံးလျှင် (၃၅) ကျပ်လောက်အထိသာ ဈေးရတော့ကြောင်း ကွမ်းသီးတောင်သူများထံမှ သိရသည်။

ထို့အပြင် လက်ရှိအချိန်တွင် ကွမ်းသီးခြောက်ကလည်း ဈေးကောင်းမရကြောင်း၊ လတ်တလော ကွမ်းသီးခြောက်တစ်ပိဿာလျှင် (၆၈၀၀) ကျပ်ဝန်းကျင်လောက်ပဲ ဈေးရကြောင်း၊ ယမန်နှစ် ကုန်ဈေးနှုန်းများ မတက်သည့်အချိန်က ကွမ်းသီးခြောက်တစ်ပိဿာလျှင် ကျပ် (၈၀၀၀) နှင့် (၉၀၀၀) ကျပ်ကြား ရရှိခဲ့သည့်အပြင် ကွမ်းသီးခြောက်တစ်ပိဿာလျှင် ကျပ် (၁၀၀၀၀) အထိဈေးရခဲ့ဖူးကြောင်း၊ ယခုနှစ်တွင် ကွမ်းသီးခြောက်ဈေးနှုန်းမှာ မတက်သည့်အပြင် ဈေးနှုန်းပါပြန်ကျသွားကြောင်း ကွမ်းသီးတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

"လတ်တလောမှာ အဓိကက အိန္ဒိယဘက်ခြမ်းကို ပို့ဖို့က တိုက်ပွဲတွေဖြစ်နေတော့ ပစ္စည်းသိပ်မလိုက်ဘူး။ အခုက ကွမ်းသီးအစိုက ရောင်းလို့အဆင်ပြေတယ်။ ကွမ်းသီးအစိုကို မန္တလေး၊ မတ္တရာဘက်ကိုပို့ရတော့ ဈေးကွက်ရှိနေသေးတယ်လို့ ဆိုလို့ရပါတယ်" ဟု ရေးမြို့နယ်မှ ကွမ်းသီးကုန်သည်တစ်ဦးက ပြောကြားသည်။

ကွမ်းသီးကို မွန်ပြည်နယ်အတွင်း ရေးမြို့နယ်အပြင် တခြားသောမြို့နယ်များတွင်လည်း အများအပြားစိုက်ပျိုးကြကြောင်းနှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ ကျုံဒိုးအစရှိသည့် ဒေသထွက်ကွမ်းသီးများ၊ တနင်္သာရီဒေသကြီး ထားဝယ် ဘက်မှထွက်ရှိသည့် ကွမ်းသီးများလည်း မွန်ပြည်နယ် ကွမ်းသီးဈေးကွက်အတွင်းရှိကြောင်း မွန်ပြည်နယ်ကွမ်းသီးအသင်းထံမှ သိရသည်။

**Source:** https://news-eleven.com/article/239724

## ပို့ကုန်ရငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုကိုအခြေခံ၍ သွင်းကုန်တင်သွင်းမှု ခွင့်ပြုမည်ဖြစ်ပြီး ကနဦးအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးမည်

နိုဝင်ဘာ ၁ ရက်မှ စတင်ပြီး ပို့ကုန်ရငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုကို အခြေခံ၍ သွင်းကုန်တင်သွင်းမှုကို ခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အောက်တိုဘာ ၃၁ ရက်က ထုတ်ပြန်ထားသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်းမှာ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့ (Finacial Action Task Fone-FATF)၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု ပိုမိုအားကောင်းစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ်စနစ်ကို အသုံးပြုပြီး ငွေပေးချေမှု စနစ်တကျရှိစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

သွင်းကုန်ပစ္စည်းများ တင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့်လုပ်ခလွှဲပို့ငွေအပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်း ခွင့်ပြုမည်ဖြစ်သည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရငွေများကို အသုံးပြုကာ သက်ဆိုင်ရာ ဘဏ်များမှတဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှ ရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုများကို အခြေခံ၍ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး အဆိုပါအစီအစဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ သွင်းကုန် တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှရရှိသည့် ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်နောက်ပိုင်းဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင် လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိကြောင်း ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်ဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မတိုင်မီ ပြီးပြတ်အောင်

တင်သွင်းကြရန်နှင့် သတ်မှတ်ကာလအတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင် ပျက်ပြယ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့် ကုမ္ပဏီသည် ရရှိသောပို့ကုန်ဝင်ငွေကို မိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ ပို့ကုန်မှရရှိသည့်ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင် မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့်ကုမ္ပဏီက တင်ပြလာသော ပို့ကုန်မှရရှိသည့်ဝင်ငွေ သို့မဟုတ် အခြားဝင်ငွေ ဝင်ရောက်မှုပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်သည်။

https://news-eleven.com/article/239732

## တောင်ကိုရီးယားက ပို့ကုန်တိုးမြှင့်ရေးအတွက် အစွမ်းကုန်လုပ်ဆောင်မည်ဟုဆို

တောင်ကိုရီးယားအစိုးရက တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ပြန်လည်အားသွင်းနိုင်တဲ့ ဘက်ထရီများ၊ စီးပွားရေး တိုးတက်မှုအတွက် အာမခံချက်ရှိတဲ့ နယ်ပယ်များမှ ပို့ကုန်များ တိုးမြှင့်စေရေးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမယ်လို့ နိုဝင်ဘာ ၁ ရက်မှာ ကတိပြုလိုက်ပါတယ်။

အောက်တိုဘာလအတွင်း ပို့ကုန်တင်ပို့မှုက ၂၆ လအတွင်း အနိမ့်ဆုံးအဆင့်ကို ကျဆင်းသွားတယ်လို့ အစိုးရရဲ့ ကနဦးထုတ်ပြန်ချက် ထွက်ပေါ်လာပြီးနောက် တာဝန်ရှိသူများက အခုလိုကတိပြုလိုက်တာပါ။ ဒါပေမဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုနဲ့ သတင်းအချက်အလက်နည်းပညာနယ်ပယ်က အကျဘက်ရောက်ရှိနေမှု အခြေအနေများကြောင့် မဝေးတော့တဲ့ ကာလအတွင်း နိုင်ငံရဲ့ပို့ကုန်ကဏ္ဍ တိုးတက်ရေးက ခက်ခဲတဲ့အခြေအနေ ရှိနေတယ်လို့ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

သို့ပေမယ့်လည်း တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ထိပ်တန်းနေရာမှာ ရောက်ရှိနေတဲ့ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ အားပြန်သွင်းနိုင်တဲ့ ဘက်ထရီများကဲ့သို့ စက်မှုလုပ်ငန်းတွေကနေ ပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစွမ်းကုန် လုပ်ဆောင်သွားမယ်လို့ ပြောထားကြောင်း ထုတ်ပြန်ချက်မှာ ဖော်ပြထားတာတွေ့ရပါတယ်။

နိုဝင်ဘာ ၁ ရက်မှာ တောင်ကိုရီးယား ဘဏ္ဍာရေးဝန်ကြီးက ဝန်ကြီးဌာနအဆင့် စီးပွားရေးမူဝါဒအစည်းအဝေးကို ဦးဆောင်ပြုလုပ်ပြီး ပို့ကုန်တင်ပို့ရေး ကုမ္ပဏီများအနေနဲ့ လူ့စွမ်းအားအရင်းအမြစ် ခိုင်မာရေး၊ ပြည်ပမှ အမှာစာများရရှိရေး တို့မှာ အထောက်အပံ့ဖြစ်စေဖို့ ငွေကြေးအပါအဝင် တခြား ထောက်ပံ့မှုတွေ ပေးသွားမယ့် မူဝါဒဆောင်ရွက်ချက် အချက် ၆၀ ကျော်ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီလုပ်ဆောင်ချက်တွေ အများစုကလည်း ပြီးခဲ့တဲ့သီတင်းပတ်တုန်းက တောင်ကိုရီးယား သမ္မတ ဦးဆောင်ပြုလုပ်တဲ့ စီးပွားရေးမူဝါဒအစည်းအဝေးမှာ ချမှတ်ခဲ့တဲ့ လုပ်ဆောင်ချက်တွေဖြစ်ပါတယ်။

နိုဝင်ဘာ ၁ ရက် အစည်းအဝေးမှာပါဝင်တဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကတော့ သူတို့အနေနဲ့ မူဝါဒဆောင်ရွက်ချက်များအားလုံးကို စီစဉ်ထားတဲ့အတိုင်း အကောင်အထည်ဖော်သွားမယ်လို့ပြောကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားတာတွေ့ရပါတယ်။

တောင်ကိုရီးယားနိုင်ငံရဲ့ အောက်တိုဘာလအတွက် ပို့ကုန်တင်ပို့မှု ပမာဏက အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၄၈ ဘီလီယံသာရှိကာ ပြီးခဲ့တဲ့နှစ် အလားတူကာလ ပို့ကုန်တင်ပို့မှုပမာဏ ဒေါ်လာ ၅၅ ဒသမ ၇ ဘီလီယံထက် ၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့တာပါ။ ဒီလိုကျဆင်းမှုဟာ ၂၀၂၀ ပြည့်နှစ် နောက်ပိုင်း ပို့ကုန်တင်ပို့မှုပမာဏ အဆိုးရွားဆုံး ကျဆင်းခြင်းဖြစ်တယ်လို့ အစိုးရရဲ့ နိုဝင်ဘာ ၁ ရက် ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ သွင်းကုန်ပမာဏက ၉ ဒသမ ၉ ရာခိုင်နှုန်း တိုးမြှင့်လာပြီး ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံရှိလာပါတယ်။

အခုဆိုရင် တောင်ကိုရီးယားနိုင်ငံရဲ့ ကုန်သွယ်မှုလိုငွေပြတာက ခုနစ်လဆက်တိုက် ရှိလာပြီဖြစ်ပြီး ဒါဟာ ဘာကိုဖော်ပြနေလဲဆိုရင် အာရှတိုက်ရဲ့ စတုတ္ထမြောက် စီးပွားရေးအင်အားကြီးနိုင်ငံရဲ့ စီးပွားရေး နှေးကွေးလာကာ

ဝမ်ငွေကြေးတန်ဖိုးကလည်း ၁၃ နှစ်အတွင်း အနိမ့်ဆုံးအထိ ကျဆင်းသွားတဲ့ အခြေအနေကို ဖော်ပြနေတာ ဖြစ်ပါတယ်။

Ref: CNA

https://www.myawady.net.mm/node/32196

## မုံရွာကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း/ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းသီးနှံများနှင့် မြေပဲလုံးဆန်ဈေးနှုန်းများ ကျဆင်းနေပါသည်။ အောက်တိုဘာလ နောက်ဆုံးအပတ်အတွင်း နှမ်းဖြူ တစ်တင်းလျှင် (၉၀၀၀၀-၈၀၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၉၀၀၀၀-၈၀၀၀၀)ကျပ်၊ နှမ်းညို တစ်တင်းလျှင် (၇၇၀၀၀)ကျပ်ရှိပြီး ယခင်လကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူ တစ်တင်းလျှင် (၉၅၀၀၀-၉၀၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၉၅၀၀၀-၈၀၀၀၀)ကျပ်၊ နှမ်းညို တစ်တင်းလျှင် (၈၂၀၀၀)ကျပ်ရှိ၍ ယခုလကုန်နှင့် ယခင်လကုန်နှိုင်းယှဉ်ပါက မိုးနှမ်းများစတင် ဝင်ရောက်လာပါသဖြင့် ဈေးများအနည်းငယ် ကျဆင်းလာကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၅၁၀၀-၅၂၅၀)ကျပ်၊ ဆီဆန်ဖြူ တစ် ပိဿာ (၄၉၀၀) ကျပ်ရှိပြီး ယခင်လကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၅၃၀၀-၅၄၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ (၅၁၀၀) ကျပ်ရှိ၍ အောက်တိုဘာလ နောက်ဆုံးအပတ်နှင့် ယခင်လကာလတူအချိန် ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန် ပေါက်ဈေးနှုန်းများ အနည်းငယ် ကျဆင်းသွားကြောင်း သိရသည်။ ဆီဈေးမှာ ပဲဆီ တစ်ပိဿာ ၉၀၀၀ကျပ် မှ ၉၅၀၀ကျပ်ထိ၊ နှမ်းဆီ တစ်ပိဿာ ၉၀၀၀ကျပ်မှ ၉၅၀၀ ကျပ်ထိ ပေါက်ဈေးရှိပြီး ဈေးငြိမ်လျှက်ရှိကြောင်း သိရသည်။

Source: ဧယျာကုန်သွယ်မှုဗဟိုဌာန

## ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ သစ်သီးတင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ (၈.၅၃) ဘီလျံရရှိခဲ့ပြီး ဗီယက်နမ်က အမီလိုက်နိုင်ရန် ရည်ရွယ်ထား

ထိုင်းနိုင်ငံ၏ သစ်သီးဝလံထုတ်လုပ်မှုသည် တစ်နှစ်လျှင် တန်ချိန် (၅.၄၃) တန်ခန့်သာ ရှိသော်လည်း ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ သစ်သီးတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ (၈.၅၃) ဘီလျံခန့် ရှိမည်ဟု ခန့်မှန်းထားရာ ဗီယက်နမ် သစ်သီးဝလံလုပ်ငန်း ကဏ္ဍအနေဖြင့် ထိုင်းနိုင်ငံအား အမီလိုက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရပါသည်။

ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံထုတ်လုပ်နိုင်မှုသည် တစ်နှစ်လျှင် (၁၂)သန်းမှ (၁၃)သန်းခန့်အထိ ရှိသဖြင့် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံသည့်အပြင် ကမ္ဘာ့နိုင်ငံပေါင်း (၆၀) ခန့်သို့ တင်ပို့လျက်ရှိပြီး၊ နှစ်စဉ်အမေရိကန်ဒေါ်လာ ဘီလျံဖြင့် ဝင်ငွေရရှိနေသည်ဟု ဆိုပါသည်။

၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှဝင်ငွေ အမေရိ ကန်ဒေါ်လာ (၃.၇) ဘီလျံ ရရှိခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ (၃.၂၆) ဘီလျံ၊ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၃.၅၅) ဘီလျံ ဖြင့် အနည်းငယ်ကျဆင်းခဲ့ပါသည်။ တစ်ဖက်တွင် ထိုင်းနိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုဝင်ငွေမှာ ၂၀၁၉ ခုနှစ်တွင် အမေရိကန် ဒေါ်လာ (၃.၇၆)ဘီလျံမှ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ (၄.၂) ဘီလျံ၊ ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅.၃)ဘီလျံ သို့ တိုးတက်ခဲ့ကြောင်း သိရပါသည်။

ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံထုတ်လုပ်မှုသည် ထိုင်းနိုင်ငံ၏ ထုတ်လုပ်နိုင်မှုထက် (၂.၄) ဆနီးပါး ပို၍မြင့်မားသော်လည်း ဗီယက်နမ်၏ သစ်သီးတင်ပို့မှုဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၃) ဘီလျံကျော်ဝန်းကျင်သာ ရရှိနေဆဲ ဖြစ်ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဈေးကွက်သုတေသနနှင့် ဖွံ့ဖြိုးမှုပိုင်းတွင် များစွာရင်းနှီးမြှုပ်နှံထားပြီး၊ ထိုင်းနိုင်ငံရှိ တက္ကသိုလ်များ /သုတေသနအဖွဲ့အစည်းများသည် အနာဂတ်အတွက် မဟာဗျူဟာများချမှတ်ထားကြကြောင်း၊ ဈေးကွက်ရှာဖွေရေးအပိုင်း

တွင်ပို၍ ပရော်ဖက်ရှင်နယ်ဖြစ်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားပြီး ထိုင်းနိုင်ငံ၏ ဈေးကွက်ရှာဖွေရေး အစီအစဉ်များမှာ ထိရောက်မှုများစွာရှိလာကြောင်း၊ ဗီယက်နမ် အရည်အသွေးမြင့်ထုတ်ကုန်များဆိုင်ရာ စီးပွားရေးလုပ်ငန်း အသင်း (Business Association of High Quality Vietnamese Products) ၏ ဥက္ကဋ္ဌဖြစ်သူ Ms. Vu Kim Hanh က ပြောကြားပါသည်။

(ကျော်စိန်ဝင်း၊ MYANTRADE)

ရင်းမြစ် – https://www.freshplaza.com/

https://myantrade.gov.mm/article/%E1%81%82%E1%81%80%E1%81%82%E1%81%82%20%E1%80%81%E1%80%AF%E1%80%94%E1%80%BE%E1%80%85%E1%80%BA%E1%80%90%E1%80%BD%E1

## STOCK EXCHANGE (2.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | +0 | +0.00% | 9,200 | 9,200 | 9,200 | 134 | 1,232,800 | 33,109,694 | 304,609 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,350 | 3,681 | 12,507,900 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 50 | 385,000 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 338 | 6,591,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,750 | +50 | +1.85% | 2,700 | 2,750 | 2,700 | 21 | 56,750 | 12,823,224 | 35,264 |
| EFR | 00006 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 200 | 540,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 30 | 150,000 | 10,497,598 | 52,488 |


### Market summary

As of 2nd Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 406.38 | +0.94 | +0.23% | 405.44 | 406.38 | 404.90 | 4,454 | 21,463,450 | 7 | 706,952 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 2nd Nov. 2022

| MYANPIX | 406.38 ▲ 0.94 |
|---|---|
| Total Volume (shares) | 4,454 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 706,952 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 50 |
| EFR | 00006 | 2,700 | ▲ 50 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR